Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

ရက်စွဲ။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ( ၁၃ )ရက်

**ဘဏ္ဍာရေး အရာရှိချုပ်ခန့်အပ်ခြင်း**

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့အနေဖြင့် လက်ရှိဘဏ္ဍာရေးဌာန အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော ဒေါ်ယုဝါထွန်းကို ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးအရာရှိချုပ်အဖြစ် ရာထူးတိုးမြှင့် ခန့်အပ်လိုက်ခြင်းအား အသိ ပေးကြေညာအပ်ပါသည်။ အဆိုပါ ရာထူးအတွက် ဒေါ်ယုဝါထွန်းအား ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၆) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် သဘောတူ အတည်ပြုဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၇) ရက်နေ့မှ စတင်အကျိုးသက်ရောက်မည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာရှင်များအား အသိပေးကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့သည် လူမှန်နေရာမှန် ရရှိရေးကော်မတီမှ တင်ပြလာသည့် ဒေါ်ယုဝါထွန်း၏ လုပ်ငန်းအတွေ့အကြုံ၊ ပညာအရည်အချင်း၊ ရာထူးနေရာအံဝင်ခွင်ကျဖြစ်မှုတို့ကို စိစစ်သုံးသပ်ပြီးနောက် သူမအား ယခုခန့်အပ်သည့် ဘဏ္ဍာရေး အရာရှိချုပ်တာဝန်ကို ထမ်းဆောင်ရန် သင့်လျော်သည့် အရည်အချင်းနှင့် ကျွမ်းကျင်မှုရှိသည်ဟု ရှုမြင်သုံးသပ်ပါသည်။ ထို့ကြောင့် ဒါရိုက်တာအဖွဲ့အနေဖြင့် ဒေါ်ယုဝါထွန်းအား အဆိုပါ ရာထူးတိုးမြှင့်ခန့်အပ်မှုကို သဘောတူ အတည်ပြုခဲ့ခြင်းဖြစ်ပြီး၊ သူမသည် ကုမ္ပဏီ၏ ရည်မှန်းချက်များအား အကောင်အထည်ဖော်ဆောင်ရာတွင် များစွာအထောက်အကူပြု ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါသည်။

ဒေါ်ယုဝါထွန်း၏ ပညာရေးနှင့် လုပ်ငန်းအတွေ့အကြုံများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

သူမသည် ဝါဏိဇ္ဇဘွဲ့အား ရန်ကုန်တက္ကသိုလ်မှ လည်းကောင်း၊ အသုံးချ စာရင်းအင်းပညာ Bachelor of Science ဘွဲ့ကို Oxford Brookes University (UK) မှ လည်းကောင်း ရရှိခဲ့ပါသည်။ သူမသည် Certified Public Accountant Myanmar ကို ရရှိအောင်မြင်ထားပြီး၊ Institute of Singapore Chartered Accountant (ISCA) နှင့် Association of Chartered Certified Accountant (ACCA) တို့၏ အဖွဲ့ဝင် တစ်ဦးဖြစ်ပါသည်။

သူမသည် စာရင်းကိုင်၊ စာရင်းစစ်နှင့် ဘဏ္ဍာရေးဆိုင်ရာကဏ္ဍများတွင် (၁၇) နှစ်ခန့် အတွေ့အကြုံရှိသူ တစ်ဦးဖြစ်ပြီး၊ နယူးယောက်စတော့အိပ်ချိန်းဝင် ကုမ္ပဏီတစ်ခုဖြစ်သည့် Interpublic Group of

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

Companies ၏ စင်ကာပူအခြေစိုက် CMG Group (Singapore) Pte Ltd. အပါအဝင် ပြည်ပလုပ်ငန်း အတွေ့အကြုံ (၆) နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် MTSH ၌ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် Group Finance Manager ရာထူးဖြင့် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လတွင် Head of Finance (ဘဏ္ဍာရေးဌာန အကြီးအကဲ) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ တစ်ဦးဖြစ်ပါသည်။ ထို့အပြင် သူမသည် မိမိတို့၏ ဖက်စပ်ကုမ္ပဏီတစ်ခုဖြစ်သည့် မြန်မာဂျပန်သီလဝါ ဒီဗလော့မန့် လီမိတက် (MJTD) တွင်လည်း ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လမှစ၍ ဘဏ္ဍာရေးအရာရှိချုပ်အဖြစ်ပါ တာဝန်ထမ်းဆောင်လျက်ရှိနေပါသည်။

ထွန်းလွင်
Board Secretary